# သစ္စာပြုဂါထာတော်များ

## အနှောင်အဖွဲ့မှ လွတ်မြောက်ရန် သစ္စာပြုပုံ

နမော တေ ဗုဒ္ဓ ဝီရ - တ္ထု၊ ဝိပ္ပမုတ္တော - သိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နော - သ္မိ၊ တဿ မေ သရဏံ ဘဝ။

ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား...
ရှင်တော်မြတ်အား ရှိခိုးခြင်း ဖြစ်ပါစေသတည်း။

ရှင်တော်မြတ်ဘုရားသည် အခါခပ်သိမ်း အန္တရာယ်
အမျိုးမျိုးမှ လွတ်မြောက်သူ ဖြစ်ပါ၏။

(တပည့်တော်ကား) ကျဉ်းမြောင်းခက်ခဲ ဒုက္ခနယ်
အတွင်းသို့ သက်ရောက်ကျဆင်းသူ ဖြစ်နေပါ၏။

ရှင်တော်မြတ်ဘုရားသည် ထိုတပည့်တော်၏
ကိုးကွယ်ရာ ဖြစ်တော်မူပါ။

(ဤဂါထာသည် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ လာရှိသည်။)

## အသက်အန္တရာယ်ကင်းစေရန်
## ဘုရားဟောပါဠိဖြင့် သစ္စာပြုပုံ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
(ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။)

အို.... ချစ်သားရဟန်းတို့၊ မြတ်စွာဘုရားရှင် တို့သည်
သူတစ်ပါးတို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ပရိနိဗ္ဗာန်
စံရရိုး ထုံးတမ်းစဉ်လာ မရှိချေ။ ဘုရားရှင်တို့သည်
သက်တမ်းတော်အတိုင်းသာ ပရိနိဗ္ဗာန်စံတော်မူကြရ၏။
(ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်သည်လည်း
အသက်တမ်းပြည့်အောင် အသက်ရှည်နိုင်ပါစေ။)

## နာမည်ဂုဏ်သတင်းမပျက်စေရန်
## သစ္စာပြုပုံ

ဗုဒ္ဓါနံ သဗ္ဗညုတ ဉာဏဿ
နသက္ကာ ကေနစိ အန္တရာယော ကာတုံ။
(ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။)


မြတ်စွာဘုရားရှင်တို့၏ သဗ္ဗညုတ ဉာဏ်တော်မြတ်
ဂုဏ်တော်ထူး ကို မည်သူတစ်ဦးတစ်ယောက်မျှ
နှာမည်ပျက်အောင် အန္တရာယ်မပြုနိုင်ရျေ။
(ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်၏
ဂုဏ်သတင်းသည် မပျက်မယွင်း တည်မြဲနိုင်ပါစေ။)

## စီးပွားဥစ္စာရှာဖွေရာ၌ အန္တရာယ်ကင်းစေရန် သစ္စာပြုပုံ

ဗုဒ္ဓါနံ့ အဘိဟတာနံ စတုန္နံ့ ပစ္စယာနံ
နသက္ကာ ကေနစိ အန္တရာယော ကာတုံ။
(ဧတေန သစ္စဝဇ္ဇေန တထာ မေ ဟောတု။)

မြတ်စွာဘုရားရှင်တို့အတွက် လှူဒါန်းရန်ယူဆောင်လာ
သော လှူဖွယ်ပစ္စည်းများကို မည်သူတစ်ဦးတစ်ယောက်မျှ
အတားအဆီးအနှောင့်အယှက်အန္တရာယ်မပြုနိုင်ရျေ။
(ဤမှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်ရှာဖွေသော
စီးပွားရေး လုပ်ငန်းများတွင်လည်း အနှောင့်အယှက်ကင်း၍
အောင်မြင်နိုင်ပါစေ။)

# ကိုယ်လက်အင်္ဂါကြီးငယ် မထိခိုက်စေရန် သစ္စာပြုပုံ



ဗုဒ္ဓါနံ့ အသီတိယာ နုဗျဉ္ဇနာနံ့ ဗျာမပ္ပဘာယဝါ
နသက္ကာ ကေနစိ အန္တရာယော ကာတုံ။
(ဧတေန သစ္စဝဇ္ဇေန တထာဂမေ ဟောတု)

မြတ်စွာဘုရားရှင်တို့၏ လက္ခဏာတော်ကြီး (၃၂)ပါး၊
လက္ခဏာတော်ငယ် (၈၀)နှင့် တစ်လံမျှအမြဲတောက်ပ
ကွန့်မြူးနေသော ရောင်ခြည်တော်တို့ကို
မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ပျက်စီးအောင်
အန္တရာယ် မပြုနိုင်ပေ။
(ဤမှန်သော သစ္စာစကားကြောင့်
အကျွန်ုပ်၏ ကိုယ်၊ လက်၊ ခြေ စသော အင်္ဂါအစိတ်အပိုင်း
တို့သည်လည်း အထိအခိုက် အန္တရာယ်ကင်းဝေးနိုင်ပါစေ။)

# ခရီးမသွားမီ အန္တရာယ် ကင်းရန် ရွတ်ဆိုသင့်သော ဂါထာတော်

ပါသာဏကာ သက္ခရာစေဝ၊ ကထလာ ခါဏုကဏ္ဋကာ၊

သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တု၊ ဂစ္ဆန္တေ လောကနာယကေ၊

ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

လောကနာယကေ - လူသုံးပါးတို့၏ ကိုးကွယ်ရာ ဘုရားမြတ်စွာသည်၊

ဂစ္ဆန္တေ - ခရီးကြွချီတော်မူသည်ရှိသော်၊

ပါသာဏကာစေဝ - ကျောက်ခဲတို့သည် လည်းကောင်း၊

သက္ခရာစ - ကျောက်စရစ်တို့သည် လည်းကောင်း၊

ကထလာစ - အိုးခြမ်းကွဲတို့သည် လည်းကောင်း၊

ခါဏု ကဏ္ဋကာစ - သစ်ငုတ်၊ ဆူး၊ ခလုတ်တို့သည် လည်းကောင်း၊

သဗ္ဗေ - အလုံးစုံတို့သည်၊ မဂ္ဂါ - ရှင်တော်ဘုရား ကြွတော်မူရာလမ်းမှ၊

ဝိဝဇ္ဇန္တု - ရှောင်ဖယ်ပေးကြလေကုန်၏၊

ဧတေန သစ္စဝဇ္ဇေန - ဤသို့မှန်ကန်စွာ ရွတ်ဆိုပူဇော်ရသော သစ္စာစကားကြောင့် မေ - အကျွန်ုပ်၏၊ ဂမနံ - ခရီးသွားခြင်းသည် သမိဇ္ဈတု - ပြည့်စုံ အောင်မြင်နိုင်ပါစေသတည်း။

မျိုးမြန်မာစာပေမှ လှူဒါန်းပါသည်။

## သစ္စာပြုခြင်း၏အကျိုး

"ကတိသစ္စာ၊ တည်သောအခါ၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊
နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏။
"သစ္စာနှုတ်သီး၊ မန္တာန်ကြီးကား၊ သေပြီးသော်မှ ပြန်ရှင်ရ၏"
ဟု ပညာရှင်ကြီးများ ရေးစပ်ခဲ့ကြ၏။

သံယုတ္တနိကာယ်၌ "အရသာမျိုးစုံတို့တွင် သစ္စာဟူသော အရသာသည် အကောင်းဆုံး အရသာဖြစ်၏" ဟု ဗုဒ္ဓရှင်တော် ဟောကြားထား၏။

သစ္စာဆိုခြင်းဖြင့် .........

(က) မြစ်ရေကိုလည်း ဆန်တက်စေနိုင်၏။

(ခ) အဆိပ်ကိုလည်း ငြိမ်းစေနိုင်၏။

(ဂ) မီးတောက်မီးလျှံကိုလည်း တားဆီးနိုင်၏။

(ဃ) မိုးကိုလည်း ရွာသွန်းစေနိုင်၏။

ထို့ကြောင့် ဗုဒ္ဓဂါထာတော်များဖြင့် "သစ္စာဆိုနိုင်အောင်" စီစဉ်တင်ပြ လိုက်ပေသည်။

စီစဉ်တင်ပြသူ
သစ္စာပါရမီ ဒေါက်တာအရှင်ဇယတိဿ (စင်ကာပူနိုင်ငံ)
☎(65)-81210493, (65)-65246344
E-mail-ashinjayatissa@gamil.com